## Global Storybooks

globalstorybooks.net

# ကလိုင်ဟာ အပင်တွေကို စကားပြောတယ်

Ursula Nafula
Jesse Pietersen
Naw Thazin Hpway

This work is licensed under a Creative Commons Attribution 4.0 International License.
https://creativecommons.org/licenses/by/4.0

# ကလိုင်ဟာ အပင်တွေကို စကားပြောတယ်



Ursula Nafula
Jesse Pietersen
Naw Thazin Hpway

2

မြန်မာဘာသာ my



သူဟာ ကလိုင်ဖဖြစ်ပါတယ်။ အသက်၇နှစ်ရှိပြီဖြစ်ပါတယ်။ သူ့နာမည်ဟာ “ကောင်းတဲ့သူ”လို့ သူ့ရဲ့ လူဘူကူဆူ ဘာသာစကားမှာ အဓိပ္ပါယ်ရပါတယ်။



ကလိုင်ဟာ နိုးလာပြီးလိမ္မော်သီးပ
င်ကို စကားပြောပါတယ်။ “လိ
မ္မော်သီးပင်လေးရေ၊ ကျေးဇူးပြုပြီး
အမြန်ကြီးလာပြီးမှည့်တဲ့ လိ
မ္မော်သီးတွေ အများကြီးပေး
ပါလား” လို့စကားပြောပါတယ်။




ကလိုင်ဟာ ကျောင်းကိုလမ်းလျှော
က်သွားပါတယ်။ လမ်းမှာ သူဟာ
မကြက်ပင်လေးတွေနဲ့ စကားပြော
ပါတယ်။ “မကြက်ပင်လေးရေ၊ ကျေး
ဇူးပြုပြီးပိုမိုစိမ်းလန်းလာပြီးမခြော
က်သွေ့သွားပါနဲ့” လို့ပြောပါတယ်။





ကလိုင်ဟာသက်ပြင်းချပြီး“ဒီလိ
မ္မော်သီးတွေဟာ စိမ်းနေတုန်းဘဲ”
လို့ပြောပါတယ်။ “မနက်ဖြန်ကျရ
င်တွေ့မယ်နော် လိမ္မော်ပင်လေး၊ အဲ့
ဒီအချိန်ဆို ငါ့အတွက် လိမ္မော်သီး
မှည့်လေးတွေရှိမှာပါ” လို့ ကလိုင်က
ပြောလိုက်ပါတယ်။



ကလိုင်ဟာ ကျောင်းကနေ အိမ်ကို ပြန်ရောက်လာတဲ့အခါ သူ့ရဲ့ လိမ္မော်ပင်ဆီကို သွားလည်ပါတယ်။ “လိမ္မော်သီးတွေ မမှည့်သေးဘူးလား” လို့ ကလိုင်က မေးပါတယ်။





ကလိုင်ဟာ ပန်းရိုင်းလေးတွေကို ဖြတ်သွားတယ်။ “ပန်းကလေးတွေရေ၊ ကျေးဇူးပြုပြီးပွင့်လန်းနေပေးပါ။ ဒါမှ ငါ့ခေါင်းပေါ်မှာ ပန်လို့ရမှာ” လို့စကားပြောပါတယ်။



ကျောင်းမှာတော့ ကလိုင်ဟာ ကျော
င်းဝင်းအလယ်မှာရှိတဲ့ အပင်လေး
ကို စကားပြောပါတယ်။ “အပင်လေး
ရေ၊ ကျေးဇူးပြုပြီးအကိုင်းတွေ ဖြ
ကျလာပေးပါ။ ဒါမှ အရိပ်မှာ စာဖ
တ်လို့ရမှာ” လို့ပြောပါတယ်။





ကလိုင်ဟာ ကျောင်းပတ်လည်မှာရှိ
တဲ့ ခံကြာမကြ်တွေကိုလည်း စကား
ပြောပါတယ်။ “ကျေးဇူးပြုပြီးသ
န်မာစွာ ကြီးလာပြီးလူဆိုးတွေ ဝ
င်လာတာကို တားဆီးပေးပါ” လို့ပြော
ပါတယ်။